# မက္ကဆီကိုနိုင်ငံဆိုင်ရာအချက်အလက်များ

၁။ မက္ကဆီကိုပြည်ထောင်စုကို မက္ကဆီကိုနိုင်ငံဟုသာလူသိများကြပြီးမြောက်အမေရိက တွင်ရှိသော ဖက်ဒရယ်သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြောက်ဘက်တွင် အမေရိကန် ပြည်ထောင်စု၊ တောင်ဘက်နှင့် အနောက်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာ၊ အရှေ့တောင် ဘက်တွင် ဂွာတီမာလာနိုင်ငံ၊ ဘလိဇ်နိုင်ငံနှင့် ကာရစ်ဘီယံပင်လယ်၊ အရှေ့ဘက်တွင် မက္ကဆီကိုပင်လယ်ကွေ့တို့တည်ရှိကြသည်။ ဧရိယာစတုရန်းကီလိုမီတာပေါင်း ၂ သန်း (၇ သိန်း ၆သောင်း စတုရန်းမိုင်) ခန့်ရှိသည်။ မက္ကဆီကိုနိုင်ငံသည် အမေရိကတိုက်တွင် ပဉ္စမမြောက်အကြီးဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်ရှိ လွတ်လပ်သောနိုင်ငံများတွင် ၁၃ ခု မြောက်အကြီးဆုံးနိုင်ငံဖြစ်သည်။ လူဦးရေ ၁၁၂ သန်းခန့်ရှိသဖြင့် ကမ္ဘာပေါ်တွင် ၁၁ ခု မြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး စပိန်စကားပြောသောနိုင်ငံများတွင် အကြီးဆုံး နိုင်ငံဖြစ်သည်။ မက္ကဆီကိုသည် ပြည်နယ်ပေါင်း ၃၁ ခုနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးဒေသ တစ်ခုပါဝင်သော ဖက်ဒရယ်ပြည်ထောင်စုဖြစ်သည်။



## သမိုင်းကြောင်း

၂။ မက္ကဆီကိုနိုင်ငံသည် နှစ်ကာလကြာမြင့်စွာ စစ်မြေတလင်းဖြစ်ခဲ့ရပေသည်။ သမိုင်းမတင်မီ ရှေးခေတ်ကလည်း မက္ကဆီကိုနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုတို့သည် အပြန်အလှန်စစ်ခင်းခဲ့ကြသည်။ ၁၅၂၁ ခုနှစ် မွန်တေဇူးမားဘုရင်အုပ်ချုပ်စဉ်ကာလတွင် စပိန်တို့ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ၁၈၂၁ ခုနှစ်အထိ စပိန်တို့အုပ်စိုးခဲ့သည်။ စပိန်လူမျိုးတို့သည်မက္ကဆီကိုနိုင်ငံကို နှစ်ပေါင်း ၃၀၀ မျှအုပ်ချုပ်ခဲ့ရာ၌ တိုင်းရင်းသားတို့ကို နှိပ်စက်ခဲ့သည်။ ထိုကြောင့် ခရစ် ၁၈၁၀ ပြည့်နှစ်တွင် မီဂဲအီသားလဂိုးအမည်ရှိဘုန်းကြီးတစ်ပါးကခေါင်းဆောင်၍သူပုန်ထခဲ့ရာ၊ ၁၈၁၁ခုနှစ်တွင် ဖမ်းဆီးအသတ်ခံရသော်လည်း သူပုန်မီးကားငြိမ်းမသွားခဲ့ပေ။ ၁၈၂၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် အီတူးဗီးသေအမည်ရှိသော စပိန်အမျိုးသားတစ်ဦးသည် လွတ်လပ်ရေးအတွက် ကြိုးပမ်းနေသောသူပုန်တို့ဘက်သို့ဝင်ပြီး မိမိကိုယ်မိမိဧကရာဇ်မင်းအဖြစ်ခံယူလျက် စပိန်နိုင်ငံမှခွဲထွက်ကြောင်းကြေညာခဲ့လေသည်။ သို့သော် ယင်းသည် နောက်တစ်နှစ်တွင် နန်းချခြင်းခံရသည်။ ၁၈၂၄ ခုနှစ်တွင် မက္ကဆီကိုသမ္မတနိုင်ငံကိုထူထောင်ကြ၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကိုရေးဆွဲခဲ့သည်။ ထိုအချိန်မှစ၍ မက္ကဆီကိုနိုင်ငံတွင် ပြည်တွင်းစစ်ပွဲများ၊ ပုန်ကန်ထကြွမှုများမကြာခဏဖြစ်ပွားခဲ့သဖြင့် တိုင်းပြည်မငြိမ်မသက်ရှိခဲ့သည်။ ၁၈၃၅ ခုနှစ်တွင် တက္ကဆက်ပြည်နယ်သည် မက္ကဆီကိုနိုင်ငံမှ ခွဲထွက်ခဲ့သည်။

၃။ ထို့နောက် မက္ကဆီကိုနိုင်ငံသည် နယ်စပ်အရေးနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုနှင့်စစ်ဖြစ်သည်။ စစ်ရှုံးသောမက္ကဆီကိုနိုင်ငံသည် ယခု ကယ်လီဖိုးနီးယား၊ အယ်ရီဇိုးနား၊ ယူတားနှင့်နီဗားဒါး စသည့်နယ်မြေဒေသများနှင့် ကော်လိုရားဒိုး၊ ဝိုင်အိုးမင်းနှင့် နယူးမက္ကဆီကိုပြည်နယ်တို့တွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်နေသောနယ်မြေဒေသများကို အမေရိကန်ပြည်ထောင်စုသို့ ပေးအပ်လိုက်ရ၏။ ၁၈၆၂-၆၃

ခုနှစ်တွင် ပြင်သစ်တို့လာရောက်တိုက်ခိုက်သိမ်းပိုက်သဖြင့် မက္ကဆီကိုသည် ပြင်သစ်တို့လက်အောက်တွင် ၃ နှစ်မျှကျရောက်ခဲ့ရသည်။ ၁၈၆၇ ခုနှစ်တွင် မက္ကဆီကိုသမ္မတနိုင်ငံကိုပြန်လည်တည်ထောင်ကာ ဗင်နီတိုဟွားရေးကိုသမ္မတမြောက်သည်။ ၁၈၇၆ ခုနှစ်တွင် ပေါ်ဖီရီယိုဒီးအတ်သည် သမ္မတအဖြစ်ဆက်ခံသည်။

၄။ ဒီးအတ်သည် ၁၉၁၁ ခုနှစ်တွင် အာဏာရှင်အဖြစ် အုပ်ချုပ်ခဲ့သည်။ ဒီးအတ်၏လက်ထက်အတွင်းတွင် မက္ကဆီကိုနိုင်ငံသည် တိုးတက်လာခဲ့သည်။ ၁၉၁၁ ခုနှစ်မှ ၁၉၃၄ ခုနှစ်အတွင်း သမ္မတပေါင်း ၁၇ ယောက်ထက်မနည်းအုပ်ချုပ်ခဲ့သည်။ ၁၉၃၄ခုနှစ်တွင် လာဆေးရိုးကာသေးနတ် သမ္မတအဖြစ်တင်မြောက်ခံရသည်။ ၄င်းသမ္မတအဖြစ်ဆောင်ရွက်စဉ် ၆ နှစ်အတွင်း ပြည်တွင်းငြိမ်သက်မှုပြန်လည်ရရှိရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သဖြင့်၊ မက္ကဆီကိုသမ္မတနိုင်ငံသည် များစွာတိုးတက်လာသည်။ ၁၉၃၈ ခုနှစ်၌ မက္ကဆီကိုအစိုးရသည် နိုင်ငံခြားပိုင်ရေနံလုပ်ငန်းများကို သိမ်းယူခဲ့ရာ နှစ်ပေါင်းများစွာ ရေနံထွက်ကုန်ပစ္စည်းများ ရောင်းချရေးနှင့်စပ်လျဥ်း၍ အခက်အခဲများကြုံတွေ့ခဲ့ရသည်။ သို့သော် ၁၉၄၂ ခုနှစ်တွင် လျော်ကြေးများပေးပြီးသည့်နောက်၌ ရေနံနှင့်ရေနံထွက်ပစ္စည်းများသည် နိုင်ငံ၏အဓိကထုတ်ကုန်ဖြစ်လာပြန်၍ ရေနံထုတ်လုပ်ရေးလုပ်ငန်းသည်လည်း လျင်မြန်စွာဖွံ့ဖြိုးလာခဲ့သည်။ ကာသေးနတ်ကို ဆက်ခံသောသမ္မတတို့သည် ကာသေနတ်အစပျိုးခဲ့သောပြုပြင်မှုများကို ဆက်လက်၍ဆောင်ရွက်ခဲ့သဖြင့် ပြဿနာပေါင်းများစွာပြေလည်သွား၍ တိုင်းပြည်သည် အဖက်ဖက်တွင်တိုးတက်ခဲ့သည်။ မက္ကဆီကိုနိုင်ငံသည် ပြည်နယ် ၂၉ ခု၊ နယ် ၁ နယ်နှင့် ဖက်ဒရယ်ဒိစတြိတ်ခေါ်ခရိုင်နယ်တစ်ခုတို့ဖြင့် ဖွဲ့စည်းထားလျက်ရှိကာ အမေရိကန်ပြည်ထောင်စုကဲ့သို့ပြည်နယ်များကို စုပေါင်းဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတနိုင်ငံလည်းဖြစ်သည်။

## အစိုးရနှင့်နိုင်ငံရေး

၅။ ၁၉၁၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မက္ကဆီကိုနိုင်ငံသည် သမ္မတစနစ်ကျင့်သုံးသည့် ဖက်ဒရယ်နိုင်ငံတစ်ခုဖြစ်သည်။ အခြေခံဥပဒေအရမက္ကဆီကိုတွင် အစိုးရအမျိုးအစား (၃) မျိုးရှိပြီး ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရများနှင့် ဒေသဆိုင်ရာမြူနီစပယ်အစိုးရများဖြစ်သည်။ ဥပဒေပြုရေးအပိုင်းတွင် Senate of the Republic နှင့် Chamber of Deputies ဟူသောလွှတ်တော် (၂) ရပ်ပါဝင်ပြီး အဆိုပါလွှတ်တော်(၂)ရပ်အား Congress of the Union ဟုခေါ်ဆိုသည်။ Congress of the Union သည် ဖက်ဒရယ်ဥပဒေများပြဋ္ဌာန်းခြင်း၊ စစ်ကြေငြာခြင်း၊ အခွန်အကောက်များပြဋ္ဌာန်းခြင်း၊ နိုင်ငံတကာစာချုပ်ဆိုင်ရာကိစ္စများ၊ ဘက်ဂျက်ကိစ္စရပ်များအား ဆောင်ရွက်သည်။ Chamber of Deputies တွင် လွှတ်တော်ကိုယ်စားလှယ် (၅၀၀) ပါဝင်ပြီး အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်သည်။ Congress of the Union တွင် ကိုယ်စားလှယ် (၆၄) ဦးပါဝင်သည်။

၆။ သမ္မတသည် နိုင်ငံနှင့်အစိုးရအဖွဲ့၏အကြီးအကဲဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။ သမ္မတတွင် ဥပဒေများအားပယ်ဖျက်နိုင်သည့် ဗီတိုအာဏာလည်းရှိသည်။ လက်ရှိသမ္မတမှာ အင်းနရစ်ပီးနားနီတိုဖြစ်သည်။ တရားစီရင်ရေးပိုင်းတွင် တရားလွှတ်တော်ချုပ်သည် အဆင့်အမြင့်ဆုံးဖြစ်သည်။ တရားလွှတ်တော်ချုပ်အဖွဲ့ဝင်တရားသူကြီး (၁၁) ဦးအား သမ္မတမှခန့်အပ်သည်။

၇။ မက္ကဆီကိုနိုင်ငံရေးတွင် အဓိကနိုင်ငံရေးပါတီကြီး (၃) ရှိပြီး၊ ၁၉၃၉ ခုနှစ်တွင် တည်ထောင်ခဲ့သော National Action Party ၊ ၁၉၂၉ ခုနှစ်တွင်တည်ထောင်ခဲ့သော Institutional Revolutionary Party နှင့် Party of the Democratic Revolution တို့ဖြစ်သည်။



သမ္မတ Enrique Peña Nieto

## ရာဇဝတ်မှုများ

၈။ မက္ကဆီကိုနိုင်ငံ၏အဓိကပြဿနာမှာ မူးယစ်ဆေးဝါးပြဿနာဖြစ်သည်။ မက္ကဆီကိုနိုင်ငံ၏မူးယစ်ဆေးဝါးစစ်ပွဲအတွင်း လူ ၆၀,၀၀၀ ခန့်သေဆုံးခဲ့ရပြီး ၂၀,၀၀၀ ခန့်ပျောက်ဆုံးလျက်ရှိသည်။ မက္ကဆီကိုမူးယစ်ဆေးဝါးဂိုဏ်းများ၏ အင်အားစုစုပေါင်းမှာ ၁၀၀,၀၀၀ ခန့်ရှိသည်။ ၂၀၁၂ ခုနှစ်စစ်တမ်းအရ ထိုနှစ်တစ်နှစ်အတွင်းတွင် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် ရာဇဝတ်မှုပေါင်း (၄၀၀၀၀) ကျော်ဖြစ်ပွားခဲ့သည်။

## အုပ်ချုပ်ရေးနယ်မြေများ

၉။ မက္ကဆီကိုနိုင်ငံသည် ပြည်နယ်ပေါင်း(၃၁)ခုဖြင့်ဖွဲ့စည်းထားပြီး ပြည်နယ်အသီးသီးတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်များနှင့် တရားစီရင်ရေးစနစ်များရှိသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ပြည်သူလူထုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး ၆ နှစ်သက်တမ်းဖြစ်သည်။




Mexico

| State | Capital | State | Capital |
|---|---|---|---|
| Aguascalientes (AGS) | Aguascalientes | Morelos (MOR) | Cuernavaca |
| Baja California (BC) | Mexicali | Nayarit (NAY) | Tepic |
| Baja California Sur (BCS) | La Paz | Nuevo León (NL) | Monterrey |
| Campeche (CAM) | Campeche | Oaxaca (OAX) | Oaxaca |
| Chiapas (CHP) | Tuxtla Gutiérrez | Puebla (PUE) | Puebla |
| Chihuahua (CHH) | Chihuahua | Querétaro (QUE) | Querétaro |
| Coahuila (COA) | Saltillo | Quintana Roo (QR) | Chetumal |
| Colima (COL) | Colima | San Luis Potosí (SLP) | San Luis Potosí |
| Durango (DUR) | Durango | Sinaloa (SIN) | Culiacán |
| Guanajuato (GTO) | Guanajuato | Sonora (SON) | Hermosillo |
| Guerrero (GRO) | Chilpancingo | Tabasco (TAB) | Villahermosa |
| Hidalgo (HDG) | Pachuca | Tamaulipas (TAM) | Victoria |
| Jalisco (JAL) | Guadalajara | Tlaxcala (TLA) | Tlaxcala |
| State of Mexico (EM) | Toluca | Veracruz (VER) | Xalapa |
| Federal District (DF) | Mexico City | Yucatán (YUC) | Mérida |
| Michoacán (MIC) | Morelia | Zacatecas (ZAC) | Zacatecas |

## ပြည်နယ်များနှင့်မြို့တော်များ

## စီးပွားရေး

၁၀။ မက္ကဆီကိုနိုင်ငံသည် ကမ္ဘာတွင် ၁၅ နိုင်ငံမြောက် GDP အမြင့်မားဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ၂၀၁၇ ခုနှစ် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂.၄ ထရီလီယံခန့်ရှိသည်။ တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၉,၄၈၀ ဖြစ်သည်။ ပြီးခဲ့သည့်ဆယ်စုနှစ်တစ်ခုအတွင်း မက္ကဆီကိုနိုင်ငံ၏လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ တရုတ်၊ အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်တို့နောက် ၆ နိုင်ငံမြောက် လျှပ်စစ်ပစ္စည်းအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာခဲ့သည်။

၁၁။ အမေရိကနိုင်ငံများအကြားတွင် မက္ကဆီကိုမော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း အဖွံ့ဖြိုးဆုံးနိုင်ငံတစ်ခုလည်းဖြစ်သည်။ နာမည်ကြီးမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်သည့် General Motors၊ Ford နှင့် Chrysler တို့သည် ၁၉၃၀ ပြည့်လွန်ကာလများကတည်းက မက္ကဆီတွင် စက်ရုံများတည်ထောင်ကာ မော်တော်ယာဉ်

ထုတ်လုပ်ရေးလုပ်ငန်းများစတင်လုပ်ကိုင်ခဲ့ပြီး၊ Volkswagen နှင့် Nissan တို့သည် ၁၉၆၀ ပြည့်နှစ်တွင် စတင်အခြေစိုက်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် တောင်ကိုရီးယားနိုင်ငံ Kia Motors သည် အမေရိကန်ဒေါ်လာ ၁ဘီလီယံတန်ဖိုးရှိ မော်တော်ကားထုတ်လုပ်ရေးစက်ရုံအား စတင်ရင်းနှီးမြှုပ်နှံခဲ့သည်။ Mercedes-Benz၊ BMW နှင့် Audi ကုမ္ပဏီတို့သည်လည်း ၎င်းတို့၏စက်ရုံများအား စတင်ဆောက်လုပ်လျက်ရှိသည်။

၁၂။ ပြည်တွင်းမော်တော်ကားထုတ်လုပ်ငန်းများအနေဖြင့် DINA S.A ကုမ္ပဏီသည် ၁၉၆၂ ခုနှစ်မှစတင်ကာ ဘတ်စ်ကားများနှင့် ကုန်တင်ယာဉ်များအား ထုတ်လုပ်ခဲ့သည်။ အခြားကုမ္ပဏီတစ်ခုဖြစ်သည့် Mastretta ကုမ္ပဏီမှလည်း Mastretta MXT မော်တော်ယာဉ်များထုတ်လုပ်လျက်ရှိသည်။ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံအထိရှိသည်။ ရေနံတူးဖော်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်း၊ အစားအသောက် အဖျော်ယမကာ၊ အထည်အလိပ်၊ သားရေဖိနပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးဝါး၊ သံ၊ သံမဏိ၊ ကြိုး၊ စက္ကူ၊ အိမ်ထောင် ပရိဘောဂ၊ ဆိုးဆေး၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ ဓာတ်မြေသြဇာ အစရှိသည့်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများသည် အရေးပါသော လုပ်ငန်းများဖြစ်၏။

၁၃။ မက္ကဆီကိုနိုင်ငံ၏ ထင်ရှားသောစီးပွားရေးသမားတစ်ဦးမှာ Carlos Slim Helu ဖြစ်သည်။ အသက် (၇၇) နှစ်အရွယ်ရှိ အဆိုပါ စီးပွားရေးလုပ်ငန်းရှင်သည် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ အိမ်ယာလုပ်ငန်း၊ မီဒီယာလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ အားကစားလုပ်ငန်း၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများဖြင့် ကြွယ်ဝချမ်းသာလာသူဖြစ်သည်။ ၎င်း၏ပိုင်ဆိုင်

မှုမှာ အမေရိကန်ဒေါ်လာ ၅၁.၂ ဘီလီယံအထိပိုင်ဆိုင်ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ဆဌမမြောက်အချမ်းသာဆုံး ပုဂ္ဂိုလ်အဖြစ်ရပ်တည်လျက်ရှိပြီး ၎င်း၏လုပ်ငန်းစုများမှာ Elmex၊ America Movil၊ Samsung Maxico နှင့် Group Carso လုပ်ငန်းစုများဖြစ်သည်။ ၎င်းသည် မက္ကဆီကိုစတော့အိတ်ချိန်းဈေးကွက်၏ ၄၀% ကို ချုပ်ကိုင်ထားသည်။

## လူမှုရေး

၁၄။ မက္ကဆီကိုနိုင်ငံသည် စပိန်စကားပြောလူများစုနေထိုင်ပြီး ကမ္ဘာ့စပိန်စကားပြော လူဦးရေ၏ ၃ ပုံ ၁ခန့်နေထိုင်လျက်ရှိသည်။ နိုင်ငံလူဦးရေ၏ ၉၉.၃ ရာခိုင်နှုန်းသည် စပိန်စကားကိုသုံးစွဲကြသည်။ လူဦးရေအများဆုံးမြို့တော်မှာ မက္ကဆီကိုစီးတီးမြို့တော် ဖြစ်ပြီး လူဦးရေသန်း ၂၀ ခန့်နေထိုင်လျက်ရှိသည်။ လူဦးရေအထူထပ်ဆုံးမြို့ကြီး (၂၀) မှာ အောက်ပါအတိုင်းဖြစ်ပါသည်-


Mexico City


Guadalajara

| Rank | Name | State | Pop. | Rank | Name | State | Pop. |
|---|---|---|---|---|---|---|---|
| 1 | Mexico City | Mexico City (CDMX) | 20,892,724 | 11 | San Luis Potosí | San Luis Potosí (SL) | 1,133,571 |
| 2 | Guadalajara | Jalisco (JA) | 4,796,603 | 12 | Mérida | Yucatán (YU) | 1,058,764 |
| 3 | Monterrey | Nuevo León (NL) | 4,475,949 | 13 | Aguascalientes | Aguascalientes (AG) | 1,044,049 |
| 4 | Puebla | Puebla (PB) | 2,941,988 | 14 | Mexicali | Baja California (BC) | 988,417 |
| 5 | Toluca | Mexico (EM) | 2,116,506 | 15 | Cuernavaca | Morelos (MO) | 983,365 |
| 6 | Tijuana | Baja California (BC) | 1,840,710 | 16 | Saltillo | Coahuila (CO) | 923,636 |
| 7 | León | Guanajuato (GT) | 1,768,193 | 17 | Chihuahua | Chihuahua (CH) | 918,339 |
| 8 | Juárez | Chihuahua (CH) | 1,391,180 | 18 | Tampico | Tamaulipas (TM) | 916,854 |
| 9 | Torreón | Coahuila (CO) | 1,283,835 | 19 | Morelia | Michoacán (MI) | 911,960 |
| 10 | Querétaro | Querétaro (QT) | 1,255,185 | 20 | Veracruz | Veracruz (VE) | 891,805 |


Monterrey


Puebla

၁၅။ ဘာသာရေးအနေဖြင့် ရိုမန်ကတ်သိုလစ်ဘာသာကိုးကွယ်မှုအများဆုံးဖြစ်ပြီး လူဦးရေ၏ ၈၃ ရာခိုင်နှုန်းဖြစ်သည်။ လူဦးရေ ၉၂ သန်းသည် ရိုမန်ကတ်သိုလစ်

ဘာသာကိုကိုးကွယ်ကြပြီး ကမ္ဘာပေါ်တွင် ဘရာဇီးနိုင်ငံပြီးနောက် ရိုမန်ကတ်သိုလစ် ဘာသာကိုးကွယ်မှု ဒုတိယအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ ၉၇ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာ့အဆင့် (၂၄) ဖြစ်ပါသည်။ မက္ကဆီကိုနိုင်ငံ၏ National Autonomous University of Mexico တက္ကသိုလ်သည် ကမ္ဘာ့အဆင့် (၁၉၀) ရှိသည့်တက္ကသိုလ်တစ်ခုဖြစ်သည်။

၁၆။ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချနေထိုင်သူအများစုမှာ မက္ကဆီကိုမှဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်းစစ်တမ်းများအရ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချနေထိုင်သည့် မက္ကဆီကိုနိုင်ငံသား (၁၁) သန်းကျော်ရှိကြောင်းသိရှိရသည်။ အမေရိကန်ပြည်ထောင်စုသို့ တရားမဝင်ပြောင်းရွှေ့ဝင်ရောက်လာသည့် မက္ကဆီကိုနိုင်ငံသားများအရေးသည်ပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီး အမေရိကန်သမ္မတသစ်ဒေါ်နယ်ထရမ့် တက်လာပြီးနောက် မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စု နယ်စပ်တံတိုင်းကာရံရေး လုပ်ငန်းစတင်ရန် ဆောင်ရွက်လျက်ရှိသည်။

## မြန်မာ-မက္ကဆီကိုဆက်ဆံရေး

၁၇။ မက္ကစီကိုသမ္မတ **Enrique Peña Nieto** နှင့်မြန်မာနိုင်ငံ၏နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ သမ္မတရုံးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ နိုဗယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်တို့သည် ၇၁ ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံတွင် တွေ့ဆုံခဲ့ကြသည်။

၁၈။ အဆိုပါတွေ့ဆုံမှုသည် ဆယ်စုနှစ်လေးခုအတွင်း မြန်မာနိုင်ငံနှင့် မက္ကစီကိုနိုင်ငံတို့အကြား ပထမဆုံးအဆင့်မြင့်တွေ့ဆုံမှုဖြစ်ပြီး မက္ကစီကိုသည် နိုင်ငံရေးနှင့်စီးပွားရေး အပြောင်းအလဲဖြစ်နေသော အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံနှင့် ဆက်သွယ်ရန် စိတ်ဝင်စားမှုကိုဖော်ပြခြင်းပင်ဖြစ်သည်။

၁၉။ မက္ကစီကိုသမ္မတသည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလမ်းစဉ်အပေါ် အကောင်းမြင်သောသဘောထားဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင်ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးညီလာခံကို ထောက်ခံကြိုဆိုခဲ့ပါသည်။

၂၀။ မက္ကစီကိုသမ္မတသည် နှစ်နိုင်ငံကြား အသစ်တစ်ဖန်ပြန်လည် ဆက်သွယ်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများကိုတိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါအကြောင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မက္ကစီကိုနိုင်ငံသို့လည်ပတ်ရန်ဖိတ်ခေါ်ခဲ့သည်။

၂၁။ မက္ကစီကိုနိုင်ငံနှင့် မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံရေးကို ၁၉၇၆ခုနှစ်၊ အောက်တိုဘာလတွင်စတင်ထူထောင်ခဲ့သည်။ နှစ်နိုင်ငံလုံး၏အစိုးရများသည် သံတမန်များကိုတပြိုင်နက်ခန့်အပ်ပြီး မက္ကစီကို၏သံရုံးကို စင်္ကာပူနိုင်ငံတွင်ထားရှိကာ မြန်မာနိုင်ငံ၏သံတမန်ရေးရာကို ကုလသမဂ္ဂ၏ဌာနေကိုယ်စားလှယ်များမှတစ်ဆင့်ဆောင်ရွက်ရသည်။

၂၂။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာရှပစိဖိတ်ဒေသနှင့် ဆက်ဆံရေးပြန်လည်ရရှိရန် မက္ကစီကို၏မဟာဗျူဟာကျသော အဓိကဒေသတစ်ခုဖြစ်သည်။

# မြန်မာနိုင်ငံဆိုင်ရာမက္ကဆီကိုသံအမတ်ကြီး HE Mr Nathan Wolf Lustbader ၏ ကိုယ်ရေးအကျဉ်း



မစ္စတာနေသန်ဝုဖ်လပ်စ်ဘာဒါသည် အမေရိကန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ဘွဲ့လွန်တန်းတက်ရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်တွင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးရာဌာန၏ ပူးပေါင်းဆောင်ရွက်မှုတာဝန်ခံအရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဥရုဂွေးနိုင်ငံ၊ မွန်တီဗီဒီယိုမြို့နှင့် ၁၉၉၈ခုနှစ်မှ ၂၀၀၁

ခုနှစ်အထိ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တို့တွင်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီး၏ ဒုတိယဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ မက္ကဆီကိုသမ္မတ၏ သံတမန်ရေးရာအကြံပေးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာနေသန်ဝုဖ်လပ်စ်ဘာဒါသည် စပိန်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား၊ ဟီဘရူးဘာသာစကား၊ ပြင်သစ်ဘာသာစကားနှင့် ပေါ်တူဂီဘာသာစကားတို့ကိုတတ်ကျွမ်းသည်။ မစ္စတာနေသန်ဝုဖ်လပ်စ်ဘာဒါသည် စင်ကာပူအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာမက္ကဆီကိုသံအမတ်ကြီးအဖြစ် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ခန့်အပ်ခြင်းခံခဲ့ရသည်။